# ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) ရန်ကုန်တွင် COVID-19 Call Center ဖွင့်လှစ်ထားရှိ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) ရန်ကုန်တွင် COVID-19 နှင့် ပတ်သက်၍ သိရှိလိုသည်များကို အခမဲ့မေးမြန်းနိုင်သော COVID-19 Call Center ကို 2019 နံပါတ်ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၉ ရက် မှစတင်ဖွင့်လှစ်ထားရှိပါသည်။

COVID-19 Call Center သည်ပြည်သူလူထုမှ မေးမြန်းမှုများပြားသည်ဖြစ်သည့်အတွက် ပြည်သူလူထုအမေးများနိုင်ပြီး မဖြစ်မနေသိရှိ ထားရမည့် COVID-19 နှင့်သက်ဆိုင်သော ကျန်းမာရေး အသိပညာပေး သတင်းအချက်အလက်များအား စက်မှအလိုအလျောက်ဖြေကြားပေးမည်ဖြစ်ပါသည်။

"2019" သို့ခေါ်ဆိုပြီး -

- လိုင်းခွဲနံပါတ်- ၁ တွင် ရောဂါလက္ခဏာများ၊
- လိုင်းခွဲနံပါတ်- ၂ တွင် ကူးစက်နိုင်သောနည်းလမ်းများ၊
- လိုင်းခွဲနံပါတ်- ၃ တွင် ကာကွယ်နိုင်သော နည်းလမ်းများ၊
- လိုင်းခွဲနံပါတ်- ၄ တွင် အသွားအလာကန့်သတ်ခြင်း၊
- လိုင်းခွဲနံပါတ်- ၅ တွင် နောက်ဆုံးရ COVID-19 ပိုးတွေ့လူနာအရေအတွက် စသည့်အကြောင်းအရာတို့ကို လိုင်းခွဲနံပါတ် (၅) ခုဖြင့် အလိုအလျောက်စနစ်ဖြင့် ဖြေကြားပေးနေပါသည်။

COVID-19 နှင့်ပတ်သက်ပြီးဆရာဝန်များနှင့် တိုက်ရိုက်ဆွေးနွေးလိုပါက လိုင်းခွဲ **နံပါတ်- ဝ** သို့ မေးမြန်းနိုင်မည်ဖြစ်ပြီး တစ်ဦးလျှင် အချိန် (၆) မိနစ်ခန့် မေးမြန်းနိုင်မည်ဖြစ်ပါသည်။